**Burmese Version**
**(Abridged)**
*Executive Summary*
*& Recommendations*

EarthRights International

# TOTAL IMPACT:

## The Human Rights, Environmental, and Financial Impacts of Total and Chevron's Yadana Gas Project in Military-Ruled Burma (Myanmar)




A Report by EarthRights International, September 2009

# **Total Impact** (အကြွင်းမဲ့ အကျိုးသက်ရောက်မှု)

## စစ်အစိုးရအုပ်ချုပ်သည့် မြန်မာနိုင်ငံတွင် **Total** နှင့် **Chevron** တို့ ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းကြောင့် ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင့်နှင့် ငွေကြေးဆိုင်ရာ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ

### **Total Impact** အစီရင်ခံစာ အကျဉ်းချုပ်

ကမ္ဘာ့အငြင်းပွားစရာအကောင်းဆုံး ဖွံ့ဖြိုးရေးစီမံကိန်းများအနက် တစ်ခုဖြစ်သည့်မြန်မာနိုင်ငံတောင်ပိုင်းဒေသတွင် အနောက်နိုင်ငံမှ ရေနံကုမ္ပဏီနှစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံအခြေစိုက် Total ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် Chevron ကုမ္ပဏီတို့မှ လက်ရှိမြန်မာစစ်အာဏာရှင်အစိုးရနှင့် ပူးပေါင်းကာ ရတနာသဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး စီမံကိန်းအား လုပ်ဆောင်နေပါသည်။ ယင်းရတနာစီမံကန်းသည် အက်ဒ်မန်ကန်းလွှန်ပင်လယ်အတွင်းမှ သဘာဝဓာတ်ငွေ့များကိုတူးယူကာ မြန်မာနိုင်ငံတောင်ပိုင်းဒေသ တနင်္သာရီတိုင်းကို ကျော်ဖြတ်၍ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်သည့် အကြီးစားစီမံကိန်းတစ်ခုဖြစ်ပြီး၊ ယင်းသဘာဝဓာတ်ငွေ့အား လူနေထူထပ်သည့် ဘန်ကောက်မြို့တော်အတွက် လျှပ်စစ်မီးပံ့ပိုးသွားရန်ဖြစ်သည်။ ယင်းသဘာဝဓာတ်ငွေ့အား မြေပေါ်တွင် ပိုက်လိုင်းဖြင့်သယ်ယူကာ သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေနိုင်သော ထူထပ်မဲမောင်သည့် သစ်တောများ၊ မြေရိုင်းများနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း တိုင်းရင်းသားဒေသများတွင် ဖြတ်ကျော်သွားမည်ဖြစ်သည်။

စီမံကိန်း စတင်အကောင်အထည်ဖေါ်သည့်အခါတွင် ကုမ္ပဏီများနှင့် ပိုက်လိုင်းလုံခြုံရေးအတွက် တာဝန်ပေးခံရသည့် မြန်မာစစ်တပ်များသည် ဒေသခံရွာသားများ၏ အခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ကျူးလွန် ချိုးဖေါက်ခဲ့ပြီးဖြစ်ပါသည်။[၁]

EarthRights International (ERI) မှ ၁၉၉၄ ခုနှစ်မှစ၍ ရတနာစီမံကိန်းနှင့် ဆက်စပ်သည့် လူ့အခွင့်အရေး ချိုးဖေါက်မှုများကို မှတ်တမ်းကောက်ယူခဲ့ပြီး၊ ကုမ္ပဏီများနှင့် ပိုက်လိုင်းအတွက် လုံခြုံရေးတာဝန်ယူပေးသည့် မြန်မာစစ်တပ်မှ အဆက်မပြတ် ကျူးလွန်ချိုးဖေါက်သည့် အကြမ်းဖက်မှုများနှင့် ဆက်စပ်ပြီး ခိုင်မာသည့် သက်သေ အထောက်အထား အသစ်များကို ၂၀၀၉ ခုနှစ်အထိ ကောက်ယူစုဆောင်းခဲ့သည်။ ယင်းအကြမ်းဖက်မှုများအား ဥပဒေနှင့်မညီညွတ်သည့် သတ်ဖြတ်မှုများ၊ ညင်းပန်းနှိပ်စက်မှုများနှင့် အခြားသော နိုင်ထက်ဆီးနင်းအနိုင်ကျင့်မှုများ၊ ကျယ်ပြန့်သည့် အဓမ္မလုပ်အားပေးစေခိုင်းမှုများနှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အခွင့်အရေးနှင့် ပစ္စည်း ပိုင်ဆိုင်ခွင့် အခွင့်အရေးများကို ချိုးဖေါက်ခြင်း စသည်တို့ ပါဝင်ပါသည်။

အခြေခံသက်သေအချက်လက်အသစ်များကို အခြေခံလျက် ရတနာစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းတွင် မြန်မာစစ်တပ်၏ပါဝင်ပတ်သက်သည့် အခန်းကဏ္ဍများကို မှတ်တမ်းကောက်ယူခဲ့ပြီး၊ တချိန်တည်းတွင် မြန်မာစစ်တပ်အား ကုမ္ပဏီများနှင့် ပိုက်လိုင်းများ အစဉ်အဆက် ပတ်သက်ဆက်နွှယ်နေမှုများကိုလည်း မှတ်တမ်းပြုစုထားပါသည်။ Total ကုမ္ပဏီမှ မြန်မာစစ်တပ်နှင့် ရှိရင်းစွဲဖြစ်နေသည့် ၄င်းတို့နီးစပ်သည့် ဆက်ဆံမှုများအပေါ် လက်ခံအသိအမှတ် ပြုခြင်းထက်၊ ယင်းစီမံကိန်းဒေသအတွင်း ၄င်းတို့ကုမ္ပဏီနှင့် မြန်မာစစ်တပ်တို့၏ ပတ်သက်ဆက်နွှယ်နေမှုများကို

ဆက်လက်ငြင်းပယ်နေသည့်အပေါ်၊ အစုရှယ်ယာပိုင်ရှင်နှင့် ရင်းနှီးမြှုတ်နှံသူအပေါ် စီမံကိန်းအားဆိုးကျိုးဖြစ်စေမည့် မမှန်မကန်သည့်အချက်အလက်များကို ပြောဆိုတင်ပြလိုသည့်ဆန္ဒ ရှိနေသေးပြီး အရေးကြီးသည့် ကုမ္ပဏီ၏ ကျင့်ဝတ်ပိုင်းအပေါ် မေးခွန်း ထုတ်စရာများစွာရှိစေပါသည်။

ပိုက်လိုင်းဒေသအတွင်း ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး နောက်ဆက်တွဲအကျိုးဆက်များအပြင်၊ ရတနာစီမံကိန်းသည် မြန်မာစစ်အစိုးရအတွက် ငွေကြေးအင်အားတောင့်တင်းလာစေသည့် အဓိကအထောက်အပံ့တစ်ခုဖြစ်ပါသည်။ ဤအစီရင်ခံစာသည် ၂၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ မြန်မာစစ်အစိုးရအတွက် ရတနာစီမံကိန်းမှ ရရှိလာသည့် ဝင်ငွေကိန်းကဏန်းများကို ပထမဆုံးအကြိမ်း ဖေါ်ထုတ်လိုက်ခြင်းဖြစ်သည်။ ဝင်ငွေများကို မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးရေးတိုးတက်ရန် အသုံးပြုခြင်းထက် စီမံကိန်းမှ ရရှိလာသည့် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာသော နိုင်ငံတော်ဘဏ္ဍာဝင်ငွေများမှာ စစ်အရာရှိ ထိပ်ပိုင်းခေါင်းဆောင်များ၏ အကြီးမားဆုံးသော ခြစားလာဒ်စားမှု ဖြစ်စေပြီး၊ ယင်းဝင်ငွေများအား နိုင်ငံတော်ဘဏ္ဍာငွေစာရင်းတွင် ပါဝင်မှုမရှိဘဲ၊ စင်ကာပူနိုင်ငံရှိ နိုင်ငံခြားဘဏ်နှစ်ခုတွင် သိုလှောင်ထားသည်ဟု ယုံကြည်ရသည့် အရင်းမြစ်တစ်ခုမှ ပြောဆိုချက်အရ သိရှိရသည်။ ထို့အပြင် မြန်မာစစ်အစိုးရအတွက် ဝင်ငွေတိုးများလာသည့်အမျှ ၄င်းတို့၏ဩဇာအာဏာနှင့် ဖိနှိပ်သည့်လုပ်ရပ်လည်း ပိုမိုဆိုးဝါးလာသည်ကို တွေ့မြင်ရသည်။

ရတနာစီမံကိန်း၏ ကြီးမားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖေါက်မှုနှင့် ငွေကြေး၏ နောက်ဆွဲတွဲ အကျိုးဆက်များ အပေါ် အဓိကစိုးရိမ်ချက်ဖြစ်သည်အားလျှော်စွာ စီမံကိန်းကြောင့်ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်၏ နောက်ဆက်တွဲ အကျိုးဆက်များလည်း မေ့လျော့၍မရနိုင်ပေ။ ဤအစီရင်ခံစာသည် Total မှ ပြုစုထားသည့် သဘာဝပတ်ဝန်းကျင်နောက်ဆက်တွဲ အကျိုးဆက်လေ့လာစမ်းစစ်မှု (EIA) ၏ ပြဿနာများကို အသေးစိတ် ဖေါ်ပြထားပါသည်။ ယင်းစာရွက်စာတမ်းအား ယခုလျက်ရှိတရားဝင်မှတ်တမ်းတစ်ခုဖြစ်ပြီး ERI မှ အမေရိကန် ပြည်ထောင်စု၏ တရားရုံးမှ လက်ခံရရှိခဲ့ပြီး၊ ၄င်း၏အသေးစိတ်မှာ ယခုမှ ပထမဆုံး လူသိရှင်ကြား ဖေါ်ပြလာခြင်း ဖြစ်သည်။[၂] Total မှ ဖွဲ့စည်း ထောက်ပံ့ပေးသည့် ဖရိုဖရဲကျလှသည့် သဘာဝပတ်ဝန်းကျင်အဖွဲ့နှင့် ဆက်နွယ်နေသည့် နောက်ဆက်တွဲဆိုးကျိုးများ ဆက်တိုက်ဖြစ်ပွားနေကြောင်း ပိုက်လိုင်းဒေသအတွင်းရှိ ဒေသခံရွာသားများမှ တင်ပြလာကြသည်။

လူသိရှင်ကြားဖြစ်နေသော ရတနာစီမံကိန်း၏ နောက်ဆက်တွဲအကျိုးဆက်များကို အသိအမှတ်ပြုခြင်း (သို့မဟုတ်) နည်းပါလာအောင် ကျိုးစားခြင်းထက် Total CEO Christophe De Margerie သည် ၄င်းကို ဝေဖန်ထောက်ပြသည့် သူများအား **ငရဲပြည်သို့သွားရန်** ပြောဆိုကြိမ်းမောင်းလိုက်ပြီး၊ လူထုစည်းရုံးရေးအပေါ် ဦးတည်လုပ်ဆောင်ရမည့် အစား ရတနာဓာတ်ငွေ့ကြောင့် အိမ်နီးခြင်းနိုင်ငံ၏မြို့တော် ဘန်ကောက်မြို့ကို သန့်ရှင်းသည့်မြို့တော် ဖြစ်စေခဲ့သည်ဟု ပြောဆိုခဲ့သည်။[၃]

Total သည် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားနေသည့် ချိုးဖေါက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့်လုပ်ရပ်များနှင့် အာဏာလွှမ်းမိုးမှုများကို စနစ်တကျ သင်ပုန်းချေဖို့ကျိုးစားသည့် အဓိက နည်းနာသုံးမျိုးဖြင့် ပြုလုပ်သည်ကို တွေ့ရသည်။ ပထမအချက်နှင့် အတိုက်ရိုက်ဆုံးအချက်မှာ Total သည် နောက်ဆွဲတွဲ အကျိုးဆက်စမ်းစစ်လေ့လာမှု ပြုလုပ်ရန် အမေရိကန်အခြေစိုက် CDA Collaborative Learning Projects (CDA) ကို တာဝန်ပေးခဲ့ပြီး၊ သက်သေအဖြစ် ထွက်လာသည့်ရလဒ်မှာ ရတနာစီမံကိန်းသည် ပုဂ္ဂိုလ်တစ်စုံတစ်ဦးကိုမျှ ထိခိုက်နစ်နာမှုမရှိခြင်းနှင့်

များစွာသောဒေသခံများကို အကျိုးအမြတ်များစွာဖြစ်စေခဲ့ခြင်း စသည်တို့ ပြောဆိုခဲ့သည်။ ၄င်း (CDA) တို့၏ စမ်းစစ်လေ့လာမှုနှင့် အဓိကအခြေခံမှားယွင်းလွဲချော်နေသည့်အချက်များအား **Getting it Wrong** အမည်ရှိ ERI မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖေါ်ထုတ်ပြီးဖြစ်သည်။ ဒုတိယအချက်မှာ ကုမ္ပဏီသည် ယင်းနောက်ဆက်တွဲ အကျိုးဆက်စမ်းစစ်လေ့လာချက်၊ အခြားသောအစီရင်ခံစာနှင့် သတင်းထုတ်ပြန်ချက်များကို လွဲမှားစွာအကြိမ်ကြိမ် အသုံးပြု၍ ပိုက်လိုင်းဒေသအတွင်း ချိုးဖေါက်မှုများမရှိဆိုသည့် ၄င်းတို့၏ ငြင်းဆိုချက်နှင့် ကိုက်ညီနေကြောင်း မျက်စိမိတ်ပြောဆိုနေသည်။ တတိယ အချက်မှာ ကုမ္ပဏီသည် ၄င်းတို့၏ ဒေသခံ လူမှုစီးပွား (Socio-economic) အစီအစဥ်ကို ပံ့ပိုးပြုလုပ်ခြင်းအားဖြင့်၊ မိမိတို့ ထောက်ပံ့သည့် စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများမှ ပိုက်လိုင်းဒေသရှိ ဒေသခံအားလုံးကို အကျိုးအမြတ်ဖြစ်စေကြောင်း ကြွေးကြော်နေသည်။

ကုမ္ပဏီတော်တော်များများ၏ လူမှုစီးပွားရေးအတွက် ကျိုးပမ်းမှုများမှာ ပြုလုပ်လိုသည့်ဆန္ဒတစ်ခုတည်းသာ ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ ယင်းကျိုးပမ်းချက် အစီအစဥ်များသည် ကုမ္ပဏီများ ပြောဆို ကြွေးကြော်သည့်အတိုင်း လက်တွေ့တွင် တစ်ခုမှ ဖြစ်မလာကြောင်း ဒေသခံရွာသားများမှ တင်ပြကြသည်။ ထို့ပြင် ဒေသတွင်းစီမံကိန်းများ၏ အမှန်တကယ် အကျိုးရှိမှု မရှိမှုအပေါ် လွတ်လပ်စွာဖြင့် ပြည့်ပြည့်စုံစုံတကြိမ်တခါမှ မစီစစ်ခဲ့ဖူးပေ။ လုပ်ငန်းအစီအစဉ် အကျိုးရှိသော်ငြားလည်း၊ ၄င်းအား လူ့အခွင့်အရေးချိုးဖေါက်မှုတွင် ပါဝင်ဆက်နွယ်နေ၍ ကုမ္ပဏီများ၏တာဝန်ရှိမှုကို မေ့ပျောက်ကြေအေးပေး၍ မရနိုင်သည်မက ရတနာစီမံကိန်းမှ မြန်မာစစ်အစိုးရအတွက် အဓိကဝင်ငွေ လမ်းကြောင်း အဖြစ် ဖွင့်ပေးလိုက်သည့်ကိစ္စကိုလည်း ရန်တန့်ပေးနိုင်ခြင်းမရှိပေ။

မြန်မာနိုင်ငံအတွင်း Total နှင့် Chevron တို့ကြောင့် ဖြစ်ပေါ်လာသည့်အကျိုးဆက်မှာ လွန်စွာကြီးမားလှပါသည်။ ERI အနေဖြင့် ကုမ္ပဏီများအား တိကျသည့်တောင်းဆိုချက်များနှင့် မြန်မာနိုင်ငံအတွင်း Total နှင့် Chevron တို့၏ လုပ်ငန်းများလုပ်ကိုင်သည့် ကျင့်ဝတ်များကို အလေးအနက်ထည့်သွင်းစဉ်းစားရန်နှင့် အစီရင်ခံစာ နောက်ဆုံးပိုင်းတွင် ပါဝင်ထည့်သွင်းထားသည့် အကြံပြုချက်များကို အာရုံစိုက်လာစေရန် မူဝါဒချက်မှတ်သူများ၊ ရင်းနှီးမြှုတ်နှံသူများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်ပိုးရေးရှင်းများကို နိုးဆော်တိုက်တွန်းထားပါသည်။

---

[1] EarthRights International (ERI) & Southeast Asia Information Network, *Total Denial: A Report on the Yadana Pipeline Project in Burma* (June 1996), *available at* http://www.earthrights.org/files/Reports/TotalDenial96.pdf (last visited August 26, 2009); ERI, *Total Denial Continues: Earth Rights Abuses Along the Yadana and Yetagun Pipelines in Burma* (first edition 2001; second edition 2003) *available at* http://www.earthrights.org/files/Reports/TotalDenialContinues.pdf (last visited August 26, 2009).; ERI, *Supplemental Report: Forced Labor Along the Yadana and Yetagun Pipelines* (supplement to *More of the Same: Forced Labor Continues in Burma*) (2001), *available at* http://www.earthrights.org/files/Reports/supp.pdf (last visited August 26, 2009); ERI, *Fueling Abuse: Unocal, Premier & TotalFinaElf's Gas Pipelines in Burma* (2002), *available at* http://www.earthrights.org/files/Reports/fuelingabusenglish.pdf (last visited August 26, 2009).; ERI, *The Human Cost of Energy* (April 2008), *available at* http://www.earthrights.org/mwt_journal_admin/HCoE_pages.pdf (last visited August 26, 2009)

[2] The EIA was obtained through the discovery process in the *Doe v. Unocal Corp.* litigation. This report marks the first time information from the document is analyzed publicly.

[3] "*Total Chief: Critics Can 'Go to Hell'*", THE IRRAWADDY, August 4, 2009, *available at* http://irrawaddyonline.com/article.php?art_id=16479 (last visited August 26, 2009)

## တိုက်တွန်း အကြံပြုချက်များ

### Total, Chevron နှင့် PTTEP သို့

- ရတနာစီမံကိန်းတစ်ခုလုံးမှ တဆင့် မြန်မာစစ်အစိုးရသို့ ပေးသည့်ဝင်ငွေများအားလုံးကို ထုတ်ပြန်ဖော်ပြရန်
- ပိုက်လိုင်းစီမံကိန်းဧရိယာအား ပိုမိုတိုးချဲ့အသိအမှတ်ပြုရန်နှင့် လမ်းကြောင်းတလျှောက်တွင် ပိုက်လိုင်းလုံခြုံရေး တာဝန်ယူထားသည့် မြန်မာစစ်တပ်မှ ကျူးလွန်သည့် ချိုးဖောက်မှုများကို တာဝန်ယူ အသိအမှတ်ပြုရန်
- ရတနာစီမံကိန်းဒေသအတွင်း မြန်မာလုံခြုံရေးစစ်တပ်များ အသုံးပြုခြင်း မပြုရန်နှင့် စစ်တပ်အားဒေသအတွင်းမှ ဖယ်ရှားပြစ်ရန်၊ ရတနာပိုက်လိုင်းလမ်းကြောင်းဒေသတလျှောက်လုံး အဓမ္မလုပ်အားပေးစေခိုင်းမှုမရှိတော့ဟု မမှန်ကန်သည့် တင်ပြမှုအား ပြန်လည်ရုတ်သိမ်းပြီး ရှင်းလင်းချက်ပေးရန်၊ အထူးသဖြင့် Total ဝဘ်ဆိုဒ်ပေါ်မှ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO ကို အသုံးပြုပြီး မှားယွင်းစွာ ဖော်ပြသည့် ထုတ်ပြန်ချက်အား ပြန်လည် ရုတ်သိမ်းရန်
- ဒေသခံရွာသားများတင်ပြသည့် အဓမ္မလုပ်အားပေးစေခိုင်းမှုများကို Total ၏ "complaint boxes" သို့မထည့်ဘဲ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် ILO သို့ တင်ပြရန်

### နိုင်ငံတကာအတိုက်အဝိုင်းသို့

- အနာဂါတ်တွင် လာမည့်ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ရတနာနှင့် ရဲတံခွန်သဘာဓာတ်ငွေ့စီမံကိန်းမှ နအဖ စစ်အစိုးရအတွက် ရရှိလာသည့်ဝင်ငွေများအား အဓိကထားပြီး နိုင်ငံတကာငွေကြေးဈေးကွက်များတွင် တသီး ပုဂ္ဂလနှင့်အဖွဲ့အစည်းများမှ နိုင်ငံတကာတွင် ငွေကြေးလွှဲပြောင်းမှု၊ စီးဆင်းမှုမရှိစေရန် ပိတ်ပင်တင်းကြပ်သည့် လုပ်ရပ်အပါအဝင် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍအပေါ် အဓိကထားပြီး နိုင်ငံစုံဖိအား ပေးမှုများကို အသုံးပြုရန်
- မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုလုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ရေအားလျှပ်စစ်လုပ်ငန်း စသည့်ကဏ္ဍ များအပေါ် အောက်ပါအချက်များမလိုက်နာမခြင်း ရင်းနှီးမြှုတ်နှံမှုအသစ်များ မပြုလုပ်ရန်
    - နအဖစစ်အစိုးရအတွက် ပေးသည့်ဝင်ငွေများအားလုံး ရှင်းလင်းတင်ပြခြင်း
    - မြန်မာနိုင်ငံအတွင်း အကြီးစားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများပြုလုပ်ရာတွင် မြန်မာလုံခြုံရေးစစ်တပ်မှ ဆိုးရွားသည့် လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်မှုမှ ကာကွယ်ပေးသည့် အာမခံချက်များ ထားရှိရန်
    - စီမံကိန်းလုပ်ငန်းမစတင်မီ အကြောင်းကြားအသိပေးမှုအပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းအပေါ် ဆုံးဖြတ်ချက် များပြုလုပ်ရာတွင် ဒေသခံပြည်သူလူထုများ လွတ်လပ်စွာပါဝင်နိုင်သည့် ယုံကြည်ရသည့် အာမခံချက်များ ထားရှိရန်
    - ပြည်ပနိုင်ငံတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ဆက်နွယ်နေသည့် နိုင်ငံခြား ကုမ္ပဏီများအား ၎င်းနိုင်ငံအတွင်းတွင် လူ့အခွင့်အရေးချိုးဖောက်ခံရသည့်သူများအတွက် တရားမျှတမှု ရယူနိုင်ရန်

- အပြန်အလှန်သဟဇာတဖြစ်သည့်စနစ်၊ စံအဖြစ်သတ်မှတ်ထားသည့်စည်းမျဉ်းဘောင်များနှင့် ပွင့်လင်းမြင်သာမှုကို အထောက်အပံ့ဖြစ်စေသည့် စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းရမည်။ ယင်းစည်းမျဉ်းဥပဒေများ၏ ဦးတည်ချက်များမှာ နိုင်ငံတကာတွင် လုပ်ငန်းဆောင်ရွက်သည့် ပူးပေါင်းဆောင်ရွက်ရေးကော်ပိုရေးရှင်းများအတွက် တည်ငြိမ်မှုရှိရန်၊ ပြည်ပနိုင်ငံတွင် ဖြစ်ပွားသည့်ချိုးဖေါက်မှုတွင် ပါဝင်ပတ်သက်ဆက်နွယ်နေသည့် ကုမ္ပဏီများအား တာဝန်ခံမှုရှိရန်နှင့် ပြည်ပနိုင်ငံတွင်ဖြစ်ပွားသည့်ချိုးဖေါက်မှုများတွင် ကြုံတွေ့ခံစားရသည့်သူများအတွက် တရားမျှတမှု ပေးနိုင်သည့် အခွင့်အလမ်းရရှိစေရန် စသည်တို့ဖြစ်ရမည်။ ယင်းနိုင်ငံများရှိ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံသားများသည် ဤကဲ့သို့သော လုပ်ထုံးလုပ်နည်းများကိုပေါ်ပေါက်လာစေမည့် စည်းမျဉ်းဥပဒေများ ပေါ်ထွန်းရန် စည်းရုံးလှုံ့ဆော်သင့်ပေသည်။

## မြန်မာနိုင်ငံအတွင်းရှိ ရင်းနှီးမြုတ်နှံသူများနှင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသည့်လုပ်ငန်းကုမ္ပဏီများတွင် ပါဝင်သည့် အစုရှင်များသို့

- စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကုမ္ပဏီများ၏ အကျင့်စရိုက်များ တိုးတက်ကောင်းမွန်လာစေရန် အချိန်ကန့်သတ်ချက်ထားရှိပြီး ရှင်းလင်းတိကျသည့်ဦးတည်ချက်နှင့် မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများ၏ ရင်းနှီးမြုတ်နှံမှုလုပ်ငန်းများ၊ လုပ်ငန်းအကျိုးသက်ရောက်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ပတ်သက်လာစေရန်
- ကြိုတင်အသိပေးမှုအခွင့်အရေးအပါအဝင် ထိခိုက်ခံရသည့်ဒေသခံပြည်သူလူထုနှင့် ဌာနေတိုင်းရင်းသားများအခွင့်အရေး၊ ဘဏ္ဍာဝင်ငွေနှင့် အခြားသောကိစ္စရပ်အပေါ် ပွင့်လင်းမြင်သာရှိမှု၊ တရားဥပဒေစိုးမိုးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးကာကွယ်ရောက်မှု စသည်တို့ကို တိုးတက်ကောင်းမွန်စေနိုင်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများရှိလာစေရန် အစုရှယ်ရှင်များဥပဒေပံ့ပိုးရန်
- Publish What You Pay ၏ စည်းရုံးလှုံ့ဆော်မှု နှင့် Extractive Industries Transparency Initiative တို့၏ ဦးတည်ချက်နှင့် ပန်းတိုင်များကို တိုးတက်မြင့်တင်ရန်

## မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ်များ ထုတ်ယူသည့်လုပ်ငန်းတွင် ရင်းနှီးမြုတ်နှံနေသည့် (သို့) ရင်းနှီးမြုတ်နှံမည့် ကုမ္ပဏီများသို့

- လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်နောက်ဆက်တွဲအကျိုးဆက်များကို လုံလောက်စွာ အကာအကွယ်ပေးခြင်း သို့မဟုတ် လျှော့နည်းလာခြင်းမရှိသရွေ့၊ စီမံကိန်းအပေါ် ဒေသခံရွာသားများအား ကြိုတင်အကြောင်းကြားအသိပေးခြင်းမရှိသရွေ့ ဆောက်လုပ်ရေးစီမံကိန်းနှင့် ရင်းနှီးမြုတ်နှံမှုများကို ရပ်ဆိုင်းရန်။ အထူးသဖြင့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ပါဝင်ပတ်သက်သည့် ကုမ္ပဏီများဖြစ်သည့် Daewoo

International, Korea Gas Company, Gas Authority of India Ltd., ONGC Videsh, Chinese National Petroleum Company, PetroChina နှင့် အခြားသော ကုမ္ပဏီများအား ဤအကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းမရှိသရွေ့ စီမံကိန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ ချက်ခြင်းရပ်ဆိုင်းထားသင့်ပေသည်။

- မြန်မာနိုင်ငံအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းများ မစတင်ခင် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးနောက်ဆက်တွဲအကျိုးဆက်စမ်းစစ်လေ့လာမှုများ လွတ်လပ်သည့်ကြားခံအဖွဲ့မှ သေချာစွာပြုလုပ်ရန်၊ ဤကဲ့သို့ပြုလုပ်ရာတွင် ဒေသခံပြည်သူလူထုများမှ လွတ်လပ်စွာတင်းပြည့်ပါဝင်စေပြီး၊ ထွက်ရှိလာသည့် စမ်းစစ်လေ့လာမှုအစီရင်ခံစာအား ဒေသခံဘာသာစကားဖြင့် လွယ်ကူစွာရယူနိုင်အောင် စီစဉ်ပေးရမည်။
- တည်ရှိနေပြီးသော စီမံကိန်းများနှင့်ဆက်စပ်သည့် လူ့အခွင့်အရေးအခြေအနေများအား ကြားခံအဖွဲ့အစည်းတစ်ခုခုမှ လွတ်လပ်စွာကြီးကြပ်နိုင်အောင် စီစဉ်ပေးရန်။
- လွတ်လပ်စွာဖြင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီသိရှိခြင်း၊ စီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များအပေါ် ကြိုတင်အသိပေးအကြောင်းကြားခြင်းအား ဌာနေတိုင်းရင်းများ၏အခွင့်အရေးအဖြစ် အသိအမှတ်ပြုပြီး၊ ကုမ္ပဏီများစီစဉ်ထားသည့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးများကို သေချာစွာလေးစားလိုက်နာလာအောင် ကြားခံအဖွဲ့၏အမြင်သဘောထားများ နီးနှောတိုင်ပင်ရန်။
- မြန်မာစစ်အစိုးရကို ပေးသည့်ဝင်ငွေများအားလုံး ရှင်းလင်းတင်ပြထုတ်ဖော်ရန်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) သို့

- နိုင်ငံတကာဥပဒေနှင့်အညီ အခြေခံလူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုများကို လေးစားလိုက်နာရန်။ ရတနာပိုက်လိုင်းဒေသတွင်းနှင့် မြန်မာနိုင်ငံတဝန်းလုံးရှိပြည်သူလူထုများအပေါ် ဥပဒေနှင့်မညီညွတ်သည့်သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ညင်းပန်းနှိပ်စက်မှုများ၊ အင်အားအလွန်အကျွံအသုံးပြုမှုများ၊ ဥပဒေနှင့်မညီသည့်ဖမ်းဆီးချုပ်နှောင် ထောင်အကျဉ်းချမှုများ၊ အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများနှင့် အတင်းအဓမ္မနေရာပြောင်းရွှေ့စေခိုင်းမှုများ စသည့်လူ့အခွင့်အရေးချိုးဖေါက်မှုများအား ရပ်တန့်ရန်။
- ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအပေါ်ပြုလုပ်သည့်ဆုံးဖြတ်ချက်များတွင် ပြည်သူလူထုများပူးပေါင်းပါဝင်နိုင်သည့် အခွင့်အရေးများကို လေးစားလိုက်နာပြီး ကာကွယ်စောင့်ရှောက်ပေးရန်၊ အထူးသဖြင့် မြန်မာနိုင်ငံဌာနေတိုင်းရင်းသားများမှ စီမံကိန်းနှင့်ဆက်စပ်သည့်အကြောင်းအရာအချက်အလက်များအားလုံးကို ကြိုတင်သိရှိခွင့် ရှိရန်၊
- မြန်မာနိုင်ငံအတွင်း တည်ရှိပြီး သို့မဟုတ် ပြုလုပ်ရန်စီစဉ်သည့် စီမံကိန်းများအား လွတ်လပ်သည့်ကြားခံအဖွဲ့အစည်းမှ လုံခြုံစွာသွားရောက်စမ်းစစ်လေ့လာမှု၊ အချက်အလက်စုဆောင်းမှု၊ ကြီးကြပ်မှုများပြုလုပ်ဖို့ ခွင့်ပြုရန်
- Extractive Industries Transparency Initiative ကို လက်ခံကျင့်သုံးပြီး အကောင်အထည်ဖေါ်လုပ်ဆောင်ရန်

## ဖြည့်စွက် အကြံပြုချက်များ

EarthRights International (ERI) အနေဖြင့် Total နှင့် Chevron တို့ မြန်မာနိုင်ငံမှ ထွက်ခွါသွားရန် စည်းရုံးလှုံ့ဆော်ခြင်းမဟုတ်ပေ။ ဤရပ်တည်ချက်သည် မြန်မာနိုင်ငံအတွင်း ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုအား ကျင့်ဝတ်နှင့်လျှော်ညီနေကြောင်း ထောက်ခံပေးနေခြင်းမဟုတ်သကဲ့သို့ အာရှနိုင်ငံများမှကုမ္ပဏီများထက် အနောက်နိုင်ငံကုမ္ပဏီများအတွက် ရွေးချယ်စရာ အခွင့်အလမ်းများ ပိုမိုရရှိစေခြင်းလဲမဟုတ်ပေ။

လက်ရှိအချိန်တွင် ERI အနေဖြင့် မြန်မာနိုင်ငံသဘာဝအရင်းအမြစ်ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုတ်နှံမှုအသစ်သို့မဟုတ် စီမံကိန်းအသစ်များကို ဆန့်ကျင်ကန့်ကွက်ပါသည်။ စစ်အာဏာရှင်အုပ်ချုပ်သည့် မြန်မာနိုင်ငံအတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ဆိုးရွားသည့်လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် နောက်ဆက်တွဲဆိုးကျိုးများ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ဆောက်လုပ်နေချိန်နှင့် လုပ်ငန်းလည်ပတ်ချိန်ကာလများတွင် ဖြစ်ပွားနေသည်ကို သက်သေသာဓကများစွာဖေါ်ပြနေသည်။ ယင်းစီမံကိန်းလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရာတွင် မြန်မာပြည်သူလူထုတို့ပေါ် စစ်ပွဲတွင်ဖြစ်ပွားသည့်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကိုဆန့်ကျင်သည့်ရာဇဝတ်မှုများ ကျူးလွန်သည့် နအဖစစ်အစိုးရ၏ ပူးပေါင်းလုပ်ကိုင်မှုများ လိုအပ်သကဲ့သို့၊ စီမံကိန်း၏လုံခြုံရေးအတွက် လူ့အခွင့်အရေးချိုးဖေါက်မှုတွင် ဆက်တိုက်ကျူးလွန်သည့် မြန်မာစစ်တပ်၏ ပူးပေါင်းမှုကို လိုအပ်သည်။

ERI အနေဖြင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းရေးမြင့်တင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်သည်။ Total နှင့် Chevron တို့သည် ပိုက်လိုင်းလုံခြုံရေးစစ်တပ်များမှ ကျူးလွန်သည့် ဆိုးရွားသည့်လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် ပတ်သက်ဆက်နွယ်နေပြီး ဘဏ္ဍာဝင်ငွေ ပွင့်လင်းမြင်သာမှုကဲ့သို့သော မြန်မာနိုင်ငံအတွင်း ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်စပ်သည့် တာဝန်ယူမှု တာဝန်ခံမှု၏အဓိကအခြေခံအချက်များကိုလိုက်နာရန် ဆက်လက်ငြင်းဆန်နေဆဲဖြစ်သည်။ ထို့ကြောင့် ERI အနေဖြင့် နဂိုတင်ပြခဲ့သော အကြံပြုချက်များကို ထပ်မံ၍ အကြံပြုတင်လိုက်သည်။